ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၂၀) ၂၀၂၄ ခုနှစ် မေလ ၂၄ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့် အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ ။ | ၂-၄ |
| ၂။ | မြန်မာအမျိုးသားလေကြောင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်းခြင်း။ | ၅-၆ |
| ၃။ | ဘဏ်ပေါင်ပစ္စည်းအပေါ်ငွေဒီကရီချမှတ်ခြင်းနှင့်စပ်လျဉ်း၍ဒီကရီအတည်ပြု ရမည့်နည်းလမ်းများအကြောင်း တစေ့တစောင်း။ | ၇-၁၀ |
| ၄။ | ဂျပန်နိုင်ငံတွင် စက်ဘီးစီးနင်းသူများအတွက်ယာဉ်စည်းကမ်းဖောက်ဖျက်မှု “ Blue Ticket ” ဒဏ်ငွေစနစ်အသစ်အား အခြေခံသည့် ဥပဒေကြမ်းကို အတည်ပြုခြင်း။ | ၁၁-၁၂ |
| ၅။ | အိန္ဒိယတရားလွှတ်တော်ချုပ်က ရှေ့နေအသင်း၏ကော်မတီတွင် အမျိုးသမီး များအတွက် နေရာ ၃ ပုံ ၁ ပုံကို သီးသန့်ထားရှိခြင်း။ | ၁၃-၁၄ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့် အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်သည့် မြန်မာအမျိုးသားလေကြောင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှထုတ်ပြန်သည့် အစပျိုးစမ်းသပ်ကာလ (Pilot Project)အတွင်း ပြည်ပမှ လျှပ်စစ်သုံးယာဉ်တင်သွင်းခြင်းဆိုင်ရာလိုက်နာရမည့်စည်းကမ်းချက်များသတ်မှတ်သည့် အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃(ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အစပျိုးစမ်းသပ်ကာလ (Pilot Project) အတွင်း ပြည်ပမှ လျှပ်စစ်သုံးယာဉ်တင်သွင်းခြင်းဆိုင်ရာ လိုက်နာရမည့်စည်းကမ်းချက်များသတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ၃၀-၄-၂၀၂၄ ရက်နေ့၌ အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပြီး ထိုအမိန့်ကြော်ငြာစာသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဤအမိန့်ကြော်ငြာစာပါလျှပ်စစ်သုံးယာဉ်ဟူသောစကားရပ်တွင် လျှပ်စစ်သုံးလူစီးယာဉ်နှင့် ခရီးသည်တင်ယာဉ်တို့အကျုံးဝင်ပြီး ဘက်ထရီသုံးလျှပ်စစ်သုံးယာဉ် (Battery Electric Vehicle-BEV) ယာဉ်များသာဖြစ်ရမည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် အစပျိုးစမ်းသပ်ကာလ(Pilot Project)အတွင်း ပြည်ပမှ လျှပ်စစ်သုံးယာဉ်များ တင်သွင်းခြင်းအတွက် လိုက်နာရမည့်စည်းကမ်းချက်များမှာ အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ရရှိပြီးဖြစ်ရမည်ဖြစ်ကြောင်း၊ လျှပ်စစ်သုံးယာဉ် တင်သွင်းမည့်ကုမ္ပဏီများသည် လျှပ်စစ်သုံးမော်တော်ယာဉ် အရောင်းပြခန်း ဖွင့်လှစ်ခွင့် မှတ်ပုံတင်

လက်မှတ်ရရှိထားရမည်ဖြစ်ကြောင်း၊ အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီက သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် ခွင့်ပြုထားသည့် အစီးအရေအတွက်ကိုသာ တင်သွင်းရမည်ဖြစ်ကြောင်း၊ တင်သွင်းမည့် လျှပ်စစ်သုံးယာဉ်များအတွက် လိုအပ်သည့်အာမခံမှု၊ အပိုပစ္စည်းများ (Spare Parts) ရရှိနိုင်မှုနှင့် ရောင်းချပြီးနောက်ပိုင်း ပြင်ဆင်မှုများ(After – Sale Service)ကိုဆောင်ရွက်နိုင်သည့် အစီအမံထားရှိရမည်ဖြစ်ကြောင်း၊ အရောင်းပြခန်းမှတ်ပုံတင်လက်မှတ်နှင့် စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်လက်မှတ်တို့ကို သက်တမ်းမကုန်မီ သတ်မှတ်ထားသည့် ရက်ပေါင်း ၉၀ အတွင်းကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားနိုင်ပြီး ပြည်တွင်းအခွန်များဦးစီးဌာနကထုတ်ပေးသည့် အခွန်ကင်းရှင်းကြောင်း အထောက်အထားပါရှိရမည်ဖြစ်ကြောင်း၊ လျှပ်စစ်သုံးယာဉ်တင်သွင်းရောင်းချမည့်ကုမ္ပဏီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုသည့်ဘဏ်တွင် မြန်မာငွေကျပ်သိန်း ၅၀၀ ပေးသွင်းထားကြောင်း ဘဏ်အာမခံချက် (Bank Guarantee)တင်ပြရမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် လျှပ်စစ်သုံးမော်တော်ယာဉ် အရောင်းပြခန်းဖွင့်လှစ်ဆောင်ရွက်မည့်ကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားရမည်ဖြစ်ကြောင်း၊ တင်သွင်းမည့်လျှပ်စစ်သုံးယာဉ်၏အမှတ်တံဆိပ်တစ်ခုစီအတွက် ပင်ရင်းကုမ္ပဏီမှဖြစ်စေ၊ ဒေသဆိုင်ရာရုံးမှဖြစ်စေ လျှပ်စစ်သုံးမော်တော်ယာဉ်အသစ်များ ဖြန့်ဖြူးရောင်းချရေး ကိုယ်စားလှယ် သို့မဟုတ် အရောင်းကိုယ်စားလှယ်အဖြစ် တရားဝင်ခန့်အပ်ခြင်းခံထားရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုမိန့်နှင့် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များထံမှလုပ်ငန်းလိုင်စင်ရရှိထားရမည်ဖြစ်ကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးသည့် အခွန်ကင်းရှင်းကြောင်း အထောက်အထား တင်ပြရမည်ဖြစ်ကြောင်း၊ အရောင်းပြခန်းဖွင့်လှစ်မည့် နေရာ၊ အဆောက်အဦ၊ သိုလှောင်ရုံတို့ကိုရွေးချယ်ရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော စံနှုန်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လျှပ်စစ်သုံးယာဉ်အရောင်းပြခန်း၏ အကျယ်အဝန်းနှင့်သိုလှောင်ရုံ၏

အကျယ်အဝန်းတို့သည် ပူးတွဲပါသတ်မှတ်ချက်အတိုင်းဖြစ်ရမည်ဖြစ်ကြောင်းနှင့် အရောင်းပြခန်းနှင့် သိုလှောင်ရုံနေရာသည် ယင်းအရောင်းပြခန်းဖွင့်လှစ်မည့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ တည်ရှိရမည်ဖြစ်ကြောင်းတို့ကိုလည်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ လျှပ်စစ်သုံးယာဉ်များတင်သွင်းခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ လိုက်နာရမည့် စည်းကမ်းချက်များကို လေ့လာလိုသူများအနေဖြင့် MLIS Website တွင် ဝင်ရောက်လေ့လာဖတ်ရှု နိုင်ပါသည်။

e- Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## မြန်မာအမျိုးသားလေကြောင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်းခြင်း

မြန်မာအမျိုးသားလေကြောင်းဥပဒေကို ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၅၂ ဖြင့် ၅-၁၂-၂၀၁၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေ အမှတ် ၅၃/၂၀၂၄ ဖြင့် ၁၆-၅-၂၀၂၄ ရက်နေ့တွင် ပြင်ဆင်ခဲ့ပါသည်။

မြန်မာအမျိုးသားလေကြောင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေအရ မြန်မာအမျိုးသားလေကြောင်းသည် မြန်မာအမျိုးသားလေကြောင်း၏ မတည်ငွေများနှင့် အများပြည်သူတို့၏အစုရှယ်ယာများဖိတ်ခေါ်ထည့်ဝင်စေပြီး အများနှင့်သက်ဆိုင်သောကော်ပိုရေးရှင်းအဖြစ်လည်းကောင်း၊ ကုမ္ပဏီအဖြစ်လည်းကောင်းဖွဲ့စည်းတည်ထောင်ပြီး လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နိုင်ပြီဖြစ်ကာ ယင်းသို့ဖွဲ့စည်းတည်ထောင်ပါက စီမံခန့်ခွဲရေးအဖွဲ့၏ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ဝင်များဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။

ယခင်က မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ပြည်တွင်းပြည်ပမှလေယာဉ်နှင့် လေယာဉ်၏ဆက်စပ်ပစ္စည်းများငှားရမ်းလုပ်ကိုင်ခြင်းကိုသာ ဆောင်ရွက်နိုင်သော်လည်း ယခုအခါ ငှားရမ်းလုပ်ကိုင်ခြင်းအပြင် ဝယ်ယူခြင်း၊ အငှားဝယ်စနစ်ဖြင့်ဆောင်ရွက်ခြင်း၊ရောင်းချခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်း စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များတွင် ယင်းအချက်ကိုဖြည့်စွက်ပြဋ္ဌာန်းထားပါသည်။ မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ဥပဒေအရလုပ်ငန်းဆောင်ရွက်နိုင်ရေး လိုအပ်သောငွေကြေးအရင်းအနှီးအတွက် ငွေချေးယူခြင်း၊ ပြန်လည်ပေးဆပ်ခြင်း၊ ငွေထုတ်ချေးခြင်း၊ ပြန်လည်ရယူခြင်းနှင့်အထောက်အပံ့များရယူခြင်းတို့ကို ယခင်က ပြည်တွင်းပြည်ပဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှသာ ရယူဆောင်ရွက်နိုင်ပြီး ယခုအခါပြည်တွင်း၊ပြည်ပဘဏ်များနှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများအပြင် အစိုးရဌာန၊ အဖွဲ့အစည်းများထံမှလည်း ရယူဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။

ထို့ပြင် စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များအခန်းတွင် မြန်မာအမျိုးသားလေကြောင်း၏အကျိုးစီးပွားကိုထိခိုက်နစ်နာစေအောင်ပြုလုပ်သည့် ဝန်ထမ်းများအား ဝန်ထမ်းလက်စွဲဖြင့် အရေးယူခြင်း၊ ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့အရ တရားစွဲဆိုခြင်းတို့ ဆောင်ရွက်နိုင်စေရန်

ဖြည့်စွက်ပြဋ္ဌာန်းထားပြီး စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ချီးမြှင့်ငွေနှင့်စရိတ်များ ခံစားခွင့်ပြုသည့်ပြဋ္ဌာန်းချက်နှင့် မြန်မာအမျိုးသားလေကြောင်းဝန်ထမ်းများအား ပြည်သူ့ဝန်ထမ်းများအဖြစ်မှတ်ယူရမည်ဆိုသည့် ပြဋ္ဌာန်းချက်များကို ပယ်ဖျက်ထားပါသည်။

အထက်ဖော်ပြပါပြဋ္ဌာန်းချက်များမှလွဲ၍ မြန်မာအမျိုးသားလေကြောင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပါကျန်ပြဋ္ဌာန်းချက်များသည် ၂၀၁၆ ခုနှစ်တွင် ပြောင်းလဲသတ်မှတ်ခဲ့သည့် ဝန်ကြီးဌာနအမည်နှင့်ညီညွတ်မှုရှိစေရန်နှင့် ဥပဒေပုဒ်မများရောထွေးမှုမရှိစေရေး မူလပုဒ်မများကို ပြန်လည်အမှတ်စဉ်သည့် ပြဋ္ဌာန်းချက်များသာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာအမျိုးသားလေကြောင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေသည် ပြောင်းလဲသတ်မှတ်ခဲ့သည့်ဝန်ကြီးဌာနအမည်နှင့်ညီညွတ်မှုရှိစေရန်နှင့် ၂၀၁၅ခုနှစ်တွင် မြန်မာ့လေကြောင်းပိုင်ပစ္စည်းများအားလုံးနှင့် လုပ်ငန်းတာဝန်များကို မြန်မာအမျိုးသားလေကြောင်းကုမ္ပဏီလီမိတက်သို့ လွှဲပြောင်းဆက်ခံခွင့်ပြုခဲ့ရာ မြန်မာအမျိုးသားလေကြောင်းဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိစေရန် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေမူကြမ်းများစိစစ်ရေးဌာနခွဲ

ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

## ဘဏ်ပေါင်ပစ္စည်းအပေါ် ငွေဒီကရီချမှတ်ခြင်းနှင့်စပ်လျဉ်း၍ ဒီကရီအတည်ပြုရမည့် နည်းလမ်းများအကြောင်း တစေ့တစောင်း

တရားရုံးများက တရားမကြီးမှုများကို စစ်ဆေးပြီးနောက် ဒီကရီတစ်ရပ်ချမှတ်ပြီး အဆိုပါဒီကရီကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဇာရီမှုဖွင့်လှစ်ဆောင်ရွက်မှသာ အကျိုးရှိသောဒီကရီတစ်ရပ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ဒီကရီအမျိုးအစားများစွာရှိသည့်အနက် ဘဏ်ပေါင်ပစ္စည်းနှင့်စပ်လျဉ်း၍ အပေါင်ဒီကရီချမှတ်ရန်ဖြစ်သော်လည်း ဘဏ်ပေါင်ပစ္စည်းမှာ တစ်နည်းနည်းဖြင့်ဆုံးရှုံးရလျှင် ဘဏ်များအနေဖြင့် ချေးငွေနှင့်အတိုးအရင်းများကို ပြန်လည် တောင်းခံရန်အခက်ခဲများကြုံရတတ်ပါသည်။ ထို့ကြောင့် ဘဏ်ပေါင်ပစ္စည်းကို တစ်နည်းနည်းဖြင့် ဆုံးရှုံးရပါကဆောင်ရွက်နိုင်သည့် နည်းလမ်းတစ်ချို့ကိုသိရှိနိုင်ရန် ရေးသားရခြင်းဖြစ်ပါသည်။

ဘဏ်များ၌ချေးငွေရယူရာတွင် မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဉ်းသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်းများကို အာမခံအဖြစ် ရယူလေ့ရှိပါသည်။ ထို့သို့ရယူရာတွင် ချေးငွေရယူသူတို့၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် အာမခံပစ္စည်းကို ဆုံးရှုံးရသည့်အခြေနေများဖြစ်ပေါ်တတ်ပါသည်။ ယနေ့ခေတ်ကာလတွင် အချို့သောဘဏ်များ၌ ပေါင်နှံထားသည့်ဘဏ်ပေါင်ပစ္စည်းကိုမြို့စားတစ်ချို့ကကျူးလွန်သည့်ရာဇဝတ်မှုများတွင် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခံရသည့် အခြေအနေများ ဖြစ်ပေါ်လျက်ရှိပါသည်။

ဘဏ်ပေါင်ပစ္စည်းများကို တနည်းနည်းဖြင့် ဆုံးရှုံးရသည်ဆိုရာတွင် (က) တရားမစွဲဆိုမီဆုံးရှုံးရခြင်း၊(ခ) တရားစွဲဆိုထားစဉ် ဆုံးရှုံးရခြင်းနှင့် (ဂ) ဒီကရီချမှတ်ပြီးနောက် ဆုံးရှုံးရခြင်းဟူ၍အခြေအနေ (၃)ရပ်ရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ ဘဏ်ပေါင်ပစ္စည်း (အာမခံပစ္စည်း) ဆုံးရှုံးရခြင်းနှင့်စပ်လျဉ်း၍ ပစ္စည်းလွှဲပြောင်းရေးဥပဒေပုဒ်မ ၆၈အရ ငွေဒီကရီတောင်းခံခြင်းကို ပိတ်ပင်ထားခြင်းမရှိကြောင်း တွေ့ရပါသည်။

ဘဏ်ပေါင်ပစ္စည်းဆုံးရှုံးခြင်းကြောင့် ငွေဒီကရီချမှတ်ခံရလျှင် ချေးငွေအပေါ်တွင် အတိုးရပိုင်ခွင့် ဆုံးရှုံးနိုင်ခြင်း ရှိ မရှိ လေ့လာရာ မြို့ရှင်နှင့်မြို့စားတို့ချုပ်ဆိုခဲ့သော ငွေပေးကတိစာချုပ်

(အော်ဒီမန်စာချုပ်)အပေါ် အခြေခံ၍ ငွေရလိုမှုဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ အော်ဒီမန်စာချုပ်ဆိုသည်မှာ မြီရှင်နှင့်မြီစားကြား ကာလတစ်ခုရောက်သည့်အခါတွင် ငွေပေးဆပ်ရန် သဘောတူသည့် ငွေပေးကတိစာချုပ်ဖြစ်ကြောင်း၊ ငွေပေးကတိစာချုပ်နှင့်စပ်လျဉ်း၍ လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းဥပဒေပုဒ်မ ၄ တွင် အဓိပ္ပါယ်ဖွင့်ဆိုထားပြီး ယင်းဥပဒေပုဒ်မ ၇၉ တွင် ကတိပြုသည့်နေ့မှ ငွေအကြေပေးဆပ်သည့်နေ့အထိ အတိုးကိုတွက်ချက်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသဖြင့် တရားရုံးက ငွေဒီကရီချမှတ်ခြင်းကြောင့် အတိုးရပိုင်ခွင့် ဆုံးရှုံးခြင်းမရှိကြောင်း တွေ့ရပါသည်။

တရားမကြီးမှုပြီးဆုံးပြီးနောက် ဒီကရီအတည်ပြုဆောင်ရွက်ခြင်းမပြုမီ အောက်ပါအခြေအနေ (၃)ရပ် ဖြစ်ပေါ်နိုင်ပါသည်-

(က) တရားရှုံးက ဒီကရီကိုလိုက်နာပြီး ငွေအပြေအကျေပေးဆပ်ခြင်း၊

(ခ) တရားရှုံးက တရားနိုင်အား ဒီကရီကျငွေကို မည်သည့်နည်းလမ်းဖြင့် ပေးဆပ်မည်ဖြစ်ကြောင်း တရားနိုင်နှင့် ညှိနှိုင်း၍ သဘောတူညီမှုရရှိသဖြင့် တရားရုံးပြင်ပတွင် ပေးဆပ်ခြင်း၊

(ဂ) အပိုဒ်(က)ပါ နည်းလမ်းများအရ ဆောင်ရွက်ခြင်းမရှိသည့်အပြင် အပိုဒ်(ခ)အရ တရားနိုင်နှင့် တရားရှုံးတို့ ညှိနှိုင်းသော်လည်း တရားနိုင်က လက်ခံနိုင်ခြင်းမရှိပါက ဇာရီမှုဖွင့်လှစ် ဆောင်ရွက်ခြင်း။

ငွေပေးဆပ်ရန် ဒီကရီကိုအတည်ပြု ဆောင်ရွက်နိုင်သည့် နည်းလမ်း (၃)ခု ရှိပါသည်။ ၎င်းတို့မှာ-

(က) တရားရှုံးအား တရားမထောင်ချခြင်း၊

(ခ) တရားရှုံး၏ပစ္စည်းကို ဝရမ်းကပ်ရောင်းချခြင်း၊

(ဂ) အထက်ပါ နည်းလမ်း(၂)ရပ်လုံးဖြင့် ဆောင်ရွက်ခြင်း။

ငွေပေးဆပ်ရန် ဒီကရီကိုအတည်ပြု ဆောင်ရွက်ခြင်းမှာ အမှုတစ်မှုချင်း၏ အခြေအနေပေါ်မူတည်ပါသည်။ တရားရှုံးက ဒီကရီကျငွေကို တစ်လုံးတစ်ခဲတည်းမဟုတ်ဘဲ ကာလစည်းကမ်းသတ်

အက်ဥပဒေ ပထမဇယား အပိုဒ် ၁၇၅ အရ ဒီကရီကျပြီး (၆)လ အတွင်း အရစ်ကျဆပ်ခွင့်ပြုရန် လျှောက်ထားလာလျှင် အရစ်ကျ ပေးဆပ်ခွင့်ပြုရန် သင့်/မသင့်ကို တရားရုံးက ဆုံးဖြတ်ရမည် ဖြစ်ကြောင်း ဦးချစ်ဦးပါ ၂နှင့် ဒေါ်တင်ကြည်၊ ၁၉၉၁၊ မတစ၊ စာ ၄၃ တွင် စီရင်ထုံးဖွဲ့ထားသည်ကို တွေ့ရပါသည်။

အကယ်၍ တရားရုံးက ဒီကရီကျငွေကို တစ်လုံးတစ်ခဲတည်း ပေးဆပ်စေရန်ဖြစ်စေ၊ သို့မဟုတ် အရစ်ကျပေးဆပ်စေရန်ဖြစ်စေ အမိန့်ချမှတ်ခဲ့သော်လည်း တရားရှုံးက လိုက်နာခြင်း မရှိလျှင် တရာမကျင့်ထုံးဥပဒေပုဒ်မ ၅၁(ခ)အရ တရားရှုံးပိုင်ပစ္စည်းများကို စုံစမ်း၍ ဝရမ်းကပ် ရောင်းချခြင်း၊ ၅၁(ဂ)အရ တရားမထောင်ချခြင်းများကို ဆက်လက် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၃၇အရ တရားရှုံးအား ဖမ်းဆီးခြင်းမှာ တရားရုံးသို့ လာရောက်စေရန်မျှသာ ဖြစ်သဖြင့် တရားရှုံးက တရားရုံးသို့ အချိန်တောင်းရန် အမှန်တကယ် လာရောက်ပါက ဖမ်းဆီးရန် ဝရမ်းမထုတ်နိုင်ကြောင်း အွမ်ရောင်အဟီးနှင့် နူးမိုဟာမက်ခန်၊ ၁၉၆၅၊ မတစ၊ စာ ၃၀၆ တွင် စီရင်ထုံးဖွဲ့ထားသဖြင့် တရားရှုံးအား တရားမထောင်ချခြင်းကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၅၁(က)(ခ)(ဂ)၏ ခြွင်းချက်အရ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက် ပါက တရားရုံး၏ ဆင်ခြင်တုံတရားအရ တရားရှုံးအား တရားမထောင် ချမှတ်နိုင်မည် ဖြစ်ပါ သည်။

တရားရုံးက တရားရှုံးမှာ အမှန်တကယ် ငွေပေးဆပ်နိုင်ခြင်း ရှိ မရှိ စုံစမ်းရမည်ဖြစ်ပါသည်။ အကယ်၍ တရားနိုင်က တရားရှုံးမှာ ငွေပေးဆပ်နိုင်သည့်အခြေအနေရှိပါက တရားနိုင်က သက်သေ ပြရန်တာဝန်ရှိပါသည်။ ငွေဒီကရီကို အတည်ပြုရာ၌ တရားရှုံးအားဖမ်းဆီး၍ အကျဉ်းချထားပေးရန် လျှောက်ထားရာတွင် ဒီကရီချမှတ်ထားသောအမှုကို စွဲဆိုပြီးနောက် တရားရှုံးသည် မိမိပိုင်ပစ္စည်း တစ်စိတ်တစ်ဒေသကို လွှဲပြောင်းခြင်း၊ ထိမ်ဝှက်ခြင်း သို့မဟုတ် ရွှေ့ပြောင်းခြင်းပြုလုပ်ကြောင်း သို့မဟုတ် တရားမကျင့်ထုံးဥပဒေပုဒ်မ ၅၁ ၏ ခြွင်းချက် အပိုဒ်(က)(၂)၏အဓိပ္ပါယ်အရ မိမိပိုင်ပစ္စည်း များနှင့်စပ်လျဉ်း၍ မရိုးမဖြောင့်သော ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခဲ့ကြောင်း သက်သေပြရန်

တာဝန်မှာ တရားနိုင်အပေါ်ကျရောက်ကြောင်း အမ်အေရာရှစ်ပါ ၅ နှင့် မဟာမက်အစ္စမေး(လ်) နန်နာဘာဝါး ၁၉၆၁ ၊မတစ၊ စာ ၃၈၆ တွင် စီရင်ထုံးဖွဲ့ထားပါသည်။

ထို့ကြောင့် ဘဏ်ပေါင်ပစ္စည်းများကို တနည်းနည်းဖြင့်ဆုံးရှုံးရလျှင် ချေးငွေနှင့်အတိုးအရင်းများ ဆုံးရှုံးမှုမရှိစေနိုင်ရေးအတွက် ငွေဒီကရီချမှတ်နိုင်သည့်အပြင် ငွေဒီကရီကြောင့် ဘဏ်များအနေဖြင့် အတိုးရပိုင်ခွင့်မဆုံးရှုံးနိုင်ပါကြောင်းနှင့် တရားနိုင်နှင့်တရားရှုံးတို့ ညှိနှိုင်းသဘောတူညီချက်ရရှိပါက ကာလစည်းကမ်းသတ် ၆ လအတွင်း အရစ်ကျပေးဆပ်နိုင်ပါကြောင်း၊ ထိုသို့အရစ်ကျ ပေးဆပ်ခြင်း လည်းမရှိပါက တရားရှုံးပိုင်ပစ္စည်းများကို ရောင်းချခြင်းဖြင့်လည်းကောင်း၊ တရားရှုံးအား တရားမ ထောင်ချမှတ်ခြင်းဖြင့်လည်းကောင်း ဆောင်ရွက်နိုင်ပါကြောင်း သိရှိနိုင်ပါရန် ငွေဒီကရီအတည်ပြု နိုင်သည့် နည်းလမ်းတစေ့တစောင်းကို ရေးသားတင်ပြခြင်းဖြစ်ပါသည်။

တရားမဆိုင်ရာအမှုလိုက်ဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၂) အမှတ် (၂၀) ၂၀၂၄ ခုနှစ် မေလ ၂၄ ရက်

## ဂျပန်နိုင်ငံတွင် စက်ဘီးစီးနင်းသူများအတွက် ယာဉ်စည်းကမ်းဖောက်ဖျက်မှု "Blue Ticket" ဒဏ်ငွေစနစ်အသစ်အား အခြေခံသည့်ဥပဒေကြမ်းကို အတည်ပြုခြင်း

ဂျပန်နိုင်ငံတွင် အသေးစား ယာဉ်စည်းကမ်းချိုးဖောက်မှုများအတွက် စက်ဘီးစီးနင်းသူများအား ရာဇဝတ်မှုဆိုင်ရာပြစ်ဒဏ်ပေးခြင်းမှ ကင်းလွတ်ရန် ရဲအရာရှိများမှဒဏ်ငွေတပ်ရိုက်နိုင်သည့် "Blue Ticket" အမည်ရှိသည့် ဒဏ်ငွေဆောင်ခြင်း စနစ်အသစ်ပါရှိသောဥပဒေကြမ်းအား ဂျပန်ပါလီမန်မှ ၁၇.၅.၂၀၂၄ ရက်နေ့တွင် စတင်မိတ်ဆက်ခဲ့ပါသည်။

အဆိုပါဥပဒေကြမ်းအာဏာသက်ရောက်လာပါက ရဲအရာရှိများအနေဖြင့် အသက်(၁၆)နှစ်နှင့် အထက်ရှိသော စက်ဘီးစီးနင်းသူများအား စက်ဘီးအားရပ်တန့်ရန် အမှတ်အသား (Stop Signs) များနှင့် မီးပွိုင့်များ(Traffic Lights)အား လျစ်လျူရှုခြင်းနှင့် ယာဉ်လမ်းကြောအမှန်စီးနင်းမှုမရှိခြင်း ကဲ့သို့သော အသေးစားချိုးဖောက်မှုစည်းမျဉ်း (၁၁၀)ကျော်အတွက် "Blue Ticket" ဟုခေါ်သော ဒဏ်ငွေဆောင်ရန် စနစ်သစ်ပုံစံအား ထုတ်ပေးမည်ဖြစ်ပါသည်။ စနစ်သစ်အရ စက်ဘီးစီးနင်းသူများ ၏ယာဉ်စည်းကမ်းချိုးဖောက်မှုများအတွက် ဒဏ်ငွေပေးဆောင်ပါက ရာဇဝတ်မှုဆိုင်ရာစွဲချက်တင်ခံ ရခြင်းမှ ကင်းလွတ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြင်ဆင်သည့်ဥပဒေကြမ်းအာဏာမသက်ရောက်မီ ဂျပန်နိုင်ငံတွင်လက်ရှိ၌ စက်ဘီးစီးနင်းသူများမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မလိုက်နာခြင်းများအတွက် ရာဇဝတ်မှုဆိုင်ရာပြစ်ဒဏ်ပေးခြင်းသို့ ဦးတည်သည့် "Red Ticket" စနစ်နှင့် ရဲအရာရှိများမှ သတိပေးခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ စနစ်သစ်အား မပြောင်းလဲမီ စက်ဘီးစီးနင်းသူများအား အလွန်အကျွံမူးယစ်နေစဉ် စက်ဘီးစီးနင်းခြင်းကဲ့သို့သော ပြင်းထန်သည့် ယာဉ်စည်းကမ်းလမ်းစည်းကမ်း ချိုးဖောက်မှု ပြစ်မှု(၂၀) အတွက်"Red Ticket" များအား ဆက်လက်ထုတ်ပေးနေမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေကြမ်းအသစ်တွင် ထည့်သွင်းပြဋ္ဌာန်းထားသည့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းချိုးဖောက်မလိုက်နာခြင်းများအတွက် ဂျပန်ယန်းငွေ ၅၀၀၀ မှ ၁၂,၀၀၀ အထိ ဒဏ်ငွေ တပ်ရိုက်သွားမည်ဖြစ်ပါသည်။ ယခုပြင်ဆင်သည့်ဥပဒေသည် Road Traffic Act အားပြင်ဆင်သည့်ဥပဒေကြမ်းဖြစ်ပြီး ဥပဒေသစ်သည် ပြောင်းလဲလာသည့်ခေတ်စနစ်ပုံစံများနှင့် ကိုက်ညီမှုရှိသည့် စက်ဘီးစီးနေစဉ်ဖုန်းအသုံးပြု၍ ယာဉ်လမ်းအားအန္တရာယ်ဖြစ်စေခြင်း၊ အရေးပေါ်ယာဉ်အတွက် အတားအဆီးများအားလျစ်လျူရှုခြင်းစသည့် စည်းကမ်းချက်များအပြင် အများပြည်သူအား စက်ဘီးမတော်တဆများ (Bike Accidents)မှ ကာကွယ်လျော့ချနိုင်မည့်ဥပဒေကြမ်းဖြစ်ပြီး ပြင်ဆင်ဥပဒေသစ်ပါ ပြဋ္ဌာန်းချက်များအား ခြောက်လအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

လေ့ကျင့်သင်ကြားရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်များ

- https://japantoday.com/category/crime/law-change-lets-japan-police-crack-down-on-rule-breaking-cyclists.>
- http://english.news.cn/20240517/d865a08bc2ea46cf9260a01e78d62ad6/

## အိန္ဒိယတရားလွှတ်တော်ချုပ်က ရှေ့နေအသင်း၏ ကော်မတီတွင် အမျိုးသမီးများအတွက် နေရာ ၃ ပုံ ၁ ပုံကို သီးသန့်ထားရှိခြင်း

အိန္ဒိယတရားလွှတ်တော်၌ အမှုလိုက်ပါဆောင်ရွက်သူများ ပါဝင်ဖွဲ့စည်းထားသည့် ရှေ့နေအသင်း၏ စီမံခန့်ခွဲမှုကော်မတီ (EC) တွင် စုစုပေါင်းနေရာ၏ ၃ ပုံ ၁ ပုံကို အမျိုးသမီးများအတွက် သီးသန့်နေရာအဖြစ် အိန္ဒိယတရားလွှတ်တော်ချုပ်က သတ်မှတ်လိုက်သည်။

စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ ရွေးချယ်မှုနှင့်စပ်လျဉ်းသည့် လမ်းညွှန်ချက်များ ထုတ်ပြန်ရန်၊ ကော်မတီ၏ ဘဏ္ဍာရေးမှူးအပါအဝင် ရာထူးအသီးသီးတွင်နေရာ ၃ ပုံ ၁ ပုံအား အမျိုးသမီးများအတွက် သီးသန့်ထားရှိရန်၊ အရည်အချင်းပြည့်မီသည့် အမျိုးသမီးအဖွဲ့ဝင်များကို ရာထူးအဆင့်အားလုံးတွင် ပါဝင်ယှဉ်ပြိုင်နိုင်စေရန် တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ခဲ့ပြီး သီးသန့်ထားရှိရမည့် စံနှုန်းများကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည် -

(၁) စီမံခန့်ခွဲမှုကော်မတီတွင် အနည်းဆုံး ၃ ပုံ ၁ ပုံ

(၂) အကြီးတန်းအုပ်ချုပ်သူများအဖွဲ့တွင် အနည်းဆုံး ၃ ပုံ ၁ ပုံ

(၃) ရုံးထိန်းသိမ်းသူ(ငွေထုတ်သူအရာရှိကဲ့သို့) အဖြစ် အမျိုးသမီးအနည်းဆုံး ၁ ဦးအား အလှည့်ကျပါဝင်စေရန်

(၄) ၂၀၂၄-၂၀၂၅ တွင် ပြုလုပ်မည့်စီမံခန့်ခွဲမှုကော်မတီ ရွေးချယ်ပွဲတွင် ဘဏ္ဍာရေးမှူးနေရာအား အမျိုးသမီးအတွက် သီးသန့်ထားရန်။

ထို့ပြင် တရားလွှတ်တော်ချုပ်ရုံး၏ ဆုံးဖြတ်ချက်တွင် ၂၀၂၄ ခုနှစ်၊ မေလ ၁၈ ရက်နေ့၌ သက်တမ်းကုန်ဆုံးတော့မည့် စီမံခန့်ခွဲမှုကော်မတီက ဆက်လက်ပြုလုပ်မည့်အဖွဲ့ဝင်များ ရွေးချယ်ပွဲနှင့်စပ်လျဉ်း၍ လုပ်ငန်းစဉ်များအဆင်ပြေချောမွေ့စေရေးအတွက် ကြိုတင်ပြင်ဆင်ရမည့်ကိစ္စရပ်များ၊ ရွေးချယ်ပွဲပြုလုပ်စဉ် မဲလက်မှတ်များ ရေတွက်ခြင်းနှင့် အသစ်ပေါ်ပေါက်လာမည့်အဖွဲ့အား လွှဲပြောင်းဆောင်ရွက်မှုများ အချိန်မီ ဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ညွှန်ကြားချက်များကိုပါ ထည့်သွင်းဖော်ပြထားပါသည်။

တရားလွှတ်တော်ချုပ်ရုံး၏ ရှေ့နေအသင်းသည် အိန္ဒိယနိုင်ငံ၏ တရားစီရင်ရေးလွတ်လပ်ခွင့်၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီအခွင့်အရေး စသည့်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာစံနှုန်းတန်ဖိုးများအား မြှင့်တင်ရေးလုပ်ငန်းများတွင် အဓိကပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ အသင်း၏စီမံခန့်ခွဲမှုကော်မတီသည် ၁၉၅၁ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပထမအကြိမ်ပြင်ဆင်ခြင်း၊ ဥပဒေရေးရာဝန်ကြီးရုံးနှင့်ရှေ့နေချုပ်ရုံးတို့အား ပေါင်းစည်းရေးအတွက် အဆိုပြုခြင်းတို့ကိုကန့်ကွက်ခဲ့သည့် အဖွဲ့အစည်းဖြစ်သကဲ့သို့ ဆင်းရဲနွမ်းပါးသည့်အမှုသည်များနှင့် အိုမင်းမစွမ်းသည့် ရှေ့နေအသင်းအဖွဲ့ဝင်များအတွက်လည်း အလေးထားဆောင်ရွက်ကြောင်း နှင့် ယင်းကော်မတီသည် အိန္ဒိယဥပဒေအဖွဲ့အစည်း၏ကော်ပိုရိတ် (Corporate) အဖွဲ့ဝင်ဖြစ်လာကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

https://www.jurist-org/news/2024/05/india

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၂၀)　　　　၂၀၂၄ ခုနှစ် မေလ ၂၄ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

